# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီးပွါးရေး တိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေပုဒ်မ ၂ တွင်——

(က) အပိုဒ် (က) နှင့် (ဃ) တို့ကိုပယ်ဖျက်ရမည်။ ထို့ပြင်

(ခ) ရှိရင်းအပိုဒ် (ခ)၊ (ဂ) နှင့် (င) တို့ကို၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) အဖြစ်အသီးသီးပြန်လည်အက္ခရာစဉ်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၁) တွင် ''ပါလီမန်'' ဆိုသည့်စကားရပ်အစား၊ ''ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ နောက်တွင်၊ အောက်ပါကိုပုဒ်မ ၆-က၊ ၆-ခ နှင့် ၆-ဂ အဖြစ်ထည့်သွင်းရမည်။

''၆-က။ ။(၁) ကော်ပိုရေးရှင်း တည်ရှိနေသမျှ ကာလပတ်လုံး ဇယားပါ တရားဝင် အဖွဲ့အားလုံးသည်၊ အစိုးရပိုင်ဖြစ်ရမည်။

အစိုးရပိုင်ဖြစ်ခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မသည်၊ ဇယားပါတရားဝင်အဖွဲ့အမှတ် ၆၊ ၇၊ ၁၉၊ ၂၅၊ ၂၆ နှင့် ၂၇ ၌ စစ်ဘက်ကုန်စည် ဖြန့်ချိရေးဌာနမှတပါး၊ အခြားပုဂ္ဂလိကအစုရှင်များ၏ အကျိုးခံစားခွင့်များနှင့် မသက်ဆိုင်စေရ။

(၂) ကော်ပိုရေးရှင်းကိုဖျက်သိမ်းသည့်အခါ——

(က) ကော်ပိုရေးရှင်းသို့ လွှဲအပ်ထားသည့်မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော စစ်ဘက်ကုန်စည်ဖြန့်ချိရေးဌာန၏ ဇယားပါ တရားဝင်အဖွဲ့များ အမှတ်စဉ် ၁ မှ ၂၇ ထိနှစ်ခုစလုံးအပါအဝင် ဖြစ်သောတရားဝင်အဖွဲ့များသည်၎င်း၊ ထိုတရားဝင်အဖွဲ့များနှင့် သက်ဆိုင်သည့်ပစ္စည်းအရပ်ရပ်နှင့် ကြွေးမြီတာဝန်အားလုံးသည်၎င်း၊ မူလပိုင်ရှင်၌ ပြန်လည်တည်ရှိရမည်။

(ခ) ကော်ပိုရေးရှင်းသို့လွှဲအပ်ထားသည့် မူလအစိုးရပိုင်တရားဝင် အဖွဲ့များသည်၎င်း၊ ထိုတရားဝင်အဖွဲ့များနှင့် သက်ဆိုင်သည့်

ပစ္စည်း အရပ်ရပ်နှင့် ကြွေးမြီတာဝန် အားလုံးသည်ငင်း၊
အစိုးရ၌ပြန်လည်တည်ရှိရမည်။

(ဂ) ကော်ပိုရေးရှင်းတည်ရှိနေသမျှ ကာလအတွင်း၊ နောက်ထပ် တည်ထောင်မည့် တရားဝင်အဖွဲ့များနှင့် လုပ်ငန်းများသည်၊ အစိုးရ၌ပြန်လည်တည်ရှိရမည်။

၆-ခ။ ကော်ပိုရေးရှင်းသို့လွှဲအပ်ခြင်း။ ။အစိုးရသည်၊ ဇယားပါတရားဝင်အဖွဲ့များကို ကော်ပိုရေးရှင်းသို့ ဤအက်ဥပဒေဖြင့် လွှဲအပ်သည်။

၆-ဂ။ တရားဝင် အဖွဲ့များက ပုဂ္ဂလိက ကုမ္ပဏီများအဖြစ် လွတ် လပ်စွာ လုပ်ကိုင် ဆောင်ရွက် နိုင်ခြင်း။ ။အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဇယားပါတရားဝင်အဖွဲ့များသည်၊ လုပ်ငန်းဆောင်တာ အဝဝနှင့်ရောင်းဝယ် လုပ်ကိုင်မှု များကို လုပ်ကိုင် ဆောင်ရွက်ရာ၌ မူမှန်ကူးသန်း ရောင်းဝယ်ရေး စံနစ် အရ၊ ပုဂ္ဂလိက ကုမ္ပဏီများ ဖြစ်ဘိသကဲ့သို့ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။''

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၈ နောက်တွင် အောက်ပါကို ပုဒ်မ ၈-က နှင့် ၈-ခ အဖြစ်ထည့်သွင်းရမည်။

''၈-က။ အရှုံး အမြတ်စာရင်း။ ။(၁) ဇယားပါတရားဝင်အဖွဲ့အသီးသီးသည်၊ မိမိ၏အရှုံးအမြတ် စာရင်းများကို ကော်ပိုရေးရှင်းသို့ တင်ပြရမည်။ ကော်ပိုရေးရှင်းသည်၊ ဇယားပါတရားဝင်အဖွဲ့ အားလုံး၏ နှစ်ချုပ်အရှုံးအမြတ်စာရင်းများကို စုပေါင်းထားသည့် အရှုံးအမြတ် စာရင်းချုပ်တခုပြုလုပ်ရမည်။

(၂) အမြတ် ခွဲဝေသုံးစွဲရေး။ ဇယားပါတရားဝင် အဖွဲ့အသီးသီးသည်၊ မိမိ၏အမြတ်ငွေများထဲမှ ၁၀ ရာခိုင်နှုန်းကို၊ မိမိ၏သီးသန့်ရံပုံငွေ(Reserve Fund)အဖြစ်ထားပြီးနောက်၊ ကျန်ရှိသော အမြတ်ငွေများကို ကော်ပိုရေးရှင်းအားပေးအပ်ရမည်။ ထိုငွေများကို ကော်ပိုရေးရှင်းက အောက်ပါအတိုင်းခွဲဝေသုံးစွဲရမည်။

(က) ထိုအမြတ်ငွေများ၏ ၁၅ ရာခိုင်နှုန်းကို၊ ကာကွယ်ရေးဌာနလက်အောက်ရှိ တရားဝင် အဖွဲ့ အသီးသီး၏ သက်သာချောင်ချိရေးအတွက်သုံးစွဲရမည်။

(ခ) ထိုအမြတ်ငွေများ၏ ၆၅ ရာခိုင်နှုန်းကို၊ ဇယားပါ တရားဝင် အဖွဲ့များ၏ လုပ်ငန်းများအတွက် အသုံးပြုရန်သီးသန့်ရံပုံငွေသို့ပေးသွင်းရမည်။

(ဂ) ထိုအမြတ်ငွေများ၏ ၂၀ ရာခိုင်နှုန်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော် ငွေများထဲသို့ ထည့်သွင်းရမည်။

စာရင်း များနှင့် အစီအစဉ်များကိုပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ အဖွဲ့ ဥက္ကဋ္ဌထံ တင်ပြခြင်း။

၈-ခ။ ။ကော်ပိုရေးရှင်းသည်၊ ကူးသန်းရောင်းဝယ်ရေး သဘောတရားနှင့်အညီထားရှိသော ဇယားပါဘရားဝင်အဖွဲ့များ၏နှစ်စဉ်လက်ကျန်ရှင်းတမ်းစာရင်း၊ အရောင်းအဝယ်စာရင်း၊ အရှုံးအမြတ် စာရင်း၊ သီးသန့် ရံပုံငွေစာရင်းများ ပါဝင်သော နှစ်ချုပ်စာရင်းများ၊ လာမည့်နှစ်မှန်းခြေ လုပ်ငန်းများနှင့်အစီအစဉ်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌထံတင်ပြရမည်။ အဆိုပါလာမည့်နှစ်မှန်းခြေလုပ်ငန်းများနှင့် အစီအစဉ်များကို ပြင်ဆင်သည့် နောက်ထပ်မှန်းခြေလုပ်ငန်းများနှင့် အစီအစဉ်များကိုလည်း ထိုနည်းတူအခါအားလျော်စွာတင်ပြနိုင်သည်။''

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉ အစား၊ အောက်ပါကို၊ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

ဤ အက် ဥ ပ ဒေ အ ရ ဆောင်ရွက်ခြင်း။

''၉။ ။(၁) ဤအက်ဥပဒေအရ ဆောင်ရွက်ရာတွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌ က တာဝန်ခံ၍ဆောင်ရွက်ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ဥက္ကဋ္ဌသည်၊ ပုဒ်မခွဲ (၁) အရ၊မိမိတာဝန်ခံဆောင်ရွက်ရမည့် ကိစ္စများကို၊ အခြားပုဂ္ဂိုလ်တဦးဦးအား အာဏာလွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့အာဏာ လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်သည်၊ ပြည်ထောင်စု မြနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌ ၏ ညွှန်ကြားချက်ကို လိုက်နာလျက်၊ထိုကိစ္စများကို ဆောင်ရွက်ရမည်။ ''

၇။ ။အဆိုပါအက်ဥပဒေရှိဇယားအစား၊အောက်ပါဇယားကို ထည့်သွင်းရမည်။

## '' ဇယား။

### ကုမ္ပဏီများနှင့် လုပ်ငန်းများ စာရင်း။

(ပုဒ်မ ၆ ကိုကြည့်။)

၁။ ဗမာ့ငါးလုပ်ငန်းလီမိတက်။

၂။ အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်။

၃။ ဘားမားအေရှတစ်ကုမ္ပဏီလီမိတက်။

၄။ အင်းဝ တိုက်လီမိတက်။
၅။ နေပြည်တော်ပို့ဆောင်ရေး ကုမ္ပဏီလီမိတက်။
၆။ ရှိအင်ကုမ္ပဏီလီမိတက်။
၇။ မော်တော်ဟောက် (စ်) ကုမ္ပဏီလီမိတက်။
၈။ စက်မှုနှင့် လျှပ်စစ်လုပ်ငန်းလီမိတက်။
၉။ ကျောက်မီးသွေးနှင့် အထွေထွေ ကူးသန်းရောင်းဝယ်ရေး သမဂ္ဂ ကုမ္ပဏီ လီမိတက်။
၁၀။ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်။
၁၁။ ဗမာ့ရောင်းဝယ်ရေးတိုက် လီမိတက်။
၁၂။ တူရင်၊ (ဗမာ) လီမိတက်။
၁၃။ အက် (စ်) အိုပင်ဟီးမားအင်ကုမ္ပဏီလီမိတက်။
၁၄။ ဒါလ်ဟိုဇီစတိုး (၁၉၄၆) လီမိတက်။
၁၅။ စင်းထရိတ်ပေါ်လီပရော့ဒတ် (စ်) လီမိတက်။
၁၆။ ဒီဇယ် အင်ဂျင်နရယ်ဆာဗစ်ဆက် (စ်) လီမိတက်။
၁၇။ ဗမာ့ကျွန်းသစ်နှင့် သုံးထပ်သား ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်။
၁၈။ ဗမာ့ကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီလီမိတက်။
၁၉။ မြန်မာနိုင်ငံပြည်သူ့အိုးအိမ်နှင့် အိမ်ယာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်။
၂၀။ ဗမာ့ငါးမွေးမြူရေးလုပ်ငန်းလီမိတက်။
၂၁။ ထွက်ကုန်သွင်းကုန်ဘဏ်လီမိတက်။
၂၂။ အင်းဝအာမခံလီမိတက်။
၂၃။ ကွန်တီနီတယ်ထရေဒင်ဟောက် (စ်) လီမိတက်။
၂၄။ လော့ဂျ်ပလင် (မြန်မာပြည်) လီမိတက်။
၂၅။ ဗမာ့ရှူးလီမိတက်။
၂၆။ မြန်မာနိုင်ငံဟော်တယ်များလီမိတက်။
၂၇။ ရန်ကုန်အေဂျင်စီလီမိတက်။
၂၈။ ဗမာ့သုတ်ဆေးလီမိတက်။
၂၉။ ဘားမားဗီးဘားရိတ်လီမိတက်။
၃၀။ ဟိုတယ်အင်တာနေရှင်နယ်လီမိတက်။
၃၁။ ပြည်သူ့ငွေချေးကုမ္ပဏီလီမိတက်။
၃၂။ နိုင်ငံတော်ဆေးဝါးလုပ်ငန်းများလီမိတက်။
၃၃။ မန္တလေးမြစ်ရေနှင့်အရက်ချက်ရုံလီမိတက်။ ”